**နိုင်ငံခြားယာဉ်မောင်းလိုင်စင်မှ မြန်မာနိုင်ငံအတွင်းမောင်းနှင်ခွင့်ရှိသည့် မြန်မာယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများသို့ အသိပေးကြော်ငြာချက်**

၁။ မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် တရားဝင်ရောက်ရှိနေသော နိုင်ငံခြားသားများနှင့် ပြည်ပမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကိုင်ဆောင်သည့် နိုင်ငံခြားယာဉ်မောင်းလိုင်စင်များမှ မြန်မာယာဉ်မောင်းလိုင်စင်သို့ စစ်ဆေး/ကူးပြောင်းထုတ်ပေးခြင်း၊ နှစ်လဲသက်တမ်းတိုးခြင်း၊ ပျောက်/ပျက် မိတ္တူထုတ်ပေးခြင်း၊ နယ်ဝင်/နယ်ထွက် လျှောက်ထားခြင်းတို့အတွက် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်/ တိုင်းဒေသကြီးရုံးခွဲ/ တွဲဖက်ပြည်နယ်ရုံး/ ပြည်နယ်ရုံးခွဲ/ ခရိုင်ရုံးများအားလုံးမှ စိစစ်ဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်၍ ရုံးချုပ်(နေပြည်တော်)၌ မှတ်တမ်းထားရှိသော ယာဉ်မောင်းလိုင်စင် မှတ်တမ်းအချက်အလက်များအား သက်ဆိုင်ရာ မှတ်ပုံတင်ရုံးလိပ်စာများအလိုက် လွှဲပြောင်းပေးပို့ ထားပြီးဖြစ်ပါသည်။

၂။ သက်ဆိုင်ရာ မှတ်ပုံတင်ရုံးများအနေဖြင့် အမည်နှင့်ယာဉ်မောင်းလိုင်စင်အမှတ်များ ဖော်ပြ၍ အသိပေးကြော်ငြာထားမည်ဖြစ်ပြီး မိမိနေရပ်လိပ်စာနှင့် သက်ဆိုင်သည့် မှတ်ပုံတင်ရုံးများ၌လုပ်ငန်းများ အဆင်ပြေစွာ ဆက်လက်ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန